# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ်၊ မဗဘ/နပတ (စာရင်း) (၁၉၂ / ၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက်

အကြောင်းအရာ။ **လုပ်ငန်းဆောင်ရွက်နိုင်မှုကန့်သတ်ပမာဏ ပြင်ဆင်သတ်မှတ်ခြင်း**

ရည်ညွှန်းချက်။ (၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၃၀.၄.၂၀၂၀) ရက်စွဲပါစာအမှတ်၊ မဗဘ/နပတ(စာရင်း)(၄၁၄/၂၀၂၀)

(၂) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၂၉.၅.၂၀၂၀) ရက်စွဲပါစာအမှတ်၊ မဗဘ/နပတ(စာရင်း)(၄၅၅/၂၀၂၀)

၁။ အများပြည်သူအနေဖြင့် ငွေပေးချေမှုပြုရာတွင် ငွေသားကိုင်တွယ်သုံးစွဲမှု လျှော့ချနိုင်ပြီး၊ အီလက်ထရောနစ်နည်းလမ်းဖြင့် ပိုမိုပေးချေဆောင်ရွက်နိုင်ရန်အတွက် မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှု တစ်နေ့တာပမာဏတိုးမြှင့်ခြင်းနှင့် တစ်လအတွက် ပမာဏအမြင့်ဆုံးစာရင်းလက်ကျန်ကန့်သတ်ချက်ပယ်ဖျက်ခြင်းတို့ကို ရည်ညွှန်း (၁) ၊ (၂) ပါ စာများဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ လက်တလောအခြေနေအရ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု ပေးသူများအနေဖြင့် ငွေသားစီမံခန့်ခွဲမှု ကောင်းစွာဆောင်ရွက်နိုင်စေရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များကို (၃.၃.၂၀၂၁) ရက်နေ့မှစ၍ ယာယီလိုက်နာဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်-

(က) အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေပေးချေခြင်းကို ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ပြီး ပမာဏကန့်သတ်ချက်မရှိပါ။

(ခ) Registered ပြုလုပ်ထားသည့် Mobile Wallet စာရင်းနှင့် OTC ကောင်တာများတွင် ငွေထုတ်ခြင်းအတွက် တစ်နေ့အများဆုံး ငွေကျပ် (၃) သိန်း (သို့မဟုတ်) တစ်ပတ်လျှင် ကျပ်သိန်း (၂၀) ထက်မပိုရန်ဖြစ်ပါသည်၊

(ဂ) အစိုးရဌာနများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရသည့် လုပ်ငန်းများ (ပင်စင်၊ တောင်သူလယ်သမားများသို့ချေးငွေ) အတွက် ငွေစာရင်းဖွင့်လှစ်ထားသည့် သက်ဆိုင်ရာဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် လိုအပ်မှသာ ဗဟိုဘဏ်သို့ တင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ အထက်အပိုဒ် (၂) ပါ ငွေသားထုတ်ယူမှုကန့်သတ်ချက်များအား ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်ရန်လိုအပ်သည့်အချိန်အခါတွင် ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။

(ပုံ)xxxxxxxxxxxxx

ဥက္ကဋ္ဌ(ကိုယ်စား)

(သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ)

ဖြန့်ဝေခြင်း

ငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ